
# လူ့အခွင့်အရေးအခြေပြု ပြုပြင်ပြောင်းလဲမှု

## ASEAN ၏ ဘုံသဘောတူညီချက် ၅ ချက်ကို ငါးနှစ်အကြာတွင် ပြန်လည်သုံးသပ်ခြင်း






လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် – မြန်မာနိုင်ငံ

https://x.com/DocumentationNd

https://www.facebook.com/theNDBurma

www.ndburma.org

# နောက်ခံအခြေအနေ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် မအောင်မြင်သည့် အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် စစ်အာဏာရှင် ခေါင်းဆောင် မင်းအောင်လှိုင်၏ စစ်တပ်သည် မြန်မာတနိုင်ငံလုံးအား ပြည်တွင်းစစ်အတွင်းသို့ လုံး ဝ တွန်းပို့ခဲ့သည်။ ပြင်းထန် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အထောက်အထားများစွာဖြင့် မှတ်တမ်းတင်ထားပြီးဖြစ်သည်။ လူထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီး လူဦးရေ ၃.၇ သန်းကျော်မှာ နေ ရပ်စွန့်ခွာ ထွက်ပြေးနေကြရသည်[1]။ လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်ပစ်ခတ်မှုများ၊ ညအချိန် ဝင်ရောက်ဖမ်းဆီးမှုများနှင့် အကြောင်းမဲ့ ဖမ်းဆီးမှုများသည် လူမှုအသိုင်းအဝိုင်းအတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူများ နေ့စဉ် ကြုံတွေ့ရသော အခြေအနေများ ဖြစ်လာခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများကြောင့် အတိမ်းအစောင်းမခံသော အခြေအနေနှင့် အရင်းအမြစ် မလုံလောက်မှုများ ပိုမိုထင်ရှား ပေါ်လွင်လာပြီး ၂၀၂၆ ခုနှစ်တွင် ပြည်သူသုံးယောက်လျှင် တယောက်နီးပါးသည် လူသားချင်းစာနာထောက်ထားမှု အကူအညီ လိုအပ်မည်ဟု ခန့်မှန်းထားသည်[2]။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းရန် ကြိုးပမ်းမှုမှစ၍ အကြမ်းဖက်မှုများသည် ဆက်လက်မြင့် တက်လာနေသည်။ စစ်အာဏာရှင်တို့က ပြည်သူ့ထံမှ ဒီမိုကရေစီကို လုယူခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် ဧပြီလတွင် အရှေ့ တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေ ပိုမိုဆိုးရွားလာခြင်းကို တုံ့ပြန်ရန် “ဘုံသဘောတူချက် ၅ချက်” (Five Point Consensus – 5PC) ဟုခေါ်သော ငြိမ်းချမ်းရေးအစီအစဉ်ကို မိတ်ဆက်ခဲ့သည်။

၎င်းအစီအစဉ်တွင် အဓိက အခြေခံချက် ၅ ချက်အပေါ် အခြေခံထားပြီး အကြမ်းဖက်မှု ရပ်တန့်ရန်၊ အားလုံးပါဝင်သည့် ဆွေးနွေးမှု ပြုလုပ်ရန်၊ အထူးကိုယ်စားလှယ်မှတဆင့် ကြားဝင်ညှိနှိုင်းခြင်း နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ အကန့်အသတ်မရှိ ရရှိနိုင်ရန်တို့ ပါဝင်သည်။ စစ်အာဏာရှင်တို့က ဘုံသဘောတူချက် ၅ ချက် ကို အချိန်ကြာမြင့်စွာ ငြင်းပယ်လာပြီး၊ ဘုံသဘောတူချက်ပါလိုက်နာ ဆောင်ရွက်ရမည့် အချက်များကို ဆောင်ရွက်ရန် သို့မဟုတ် စစ်ပွဲအတွင်း ၎င်းတို့၏ အကြမ်းဖက်မှုများကို ပြောင်းလဲလိုစိတ်မရှိကြောင်း ပြသနေသည်။

ASEAN ၏ ဘုံသဘောတူချက် ချမှတ်အပြီး ၅ နှစ်အကြာတွင်လည်း အရပ်ဖက် အဖွဲ့အစည်းများသည် ပြည်သူတို့၏ လိုလားချက်များကို အသိအမှတ်ပြုသော တုံ့ပြန်မှုတရပ်ကိုချမှတ်ရန် ASEAN အား ဆက်လက်တောင်းဆိုနေကြပြီး၊ ထိုအထဲတွင် စစ်အာဏာရှင်တို့အား အာဏာ၊ လုပ်ပိုင်ခွင့် သို့မဟုတ် တရားဝင်မှု ရရှိစေမည့် မည်သည့် အသိအမှတ်ပြု ထောက်ခံမှုကိုမျှ မပြုလုပ်ရန်ပါဝင်သည်။

1. Myanmar Crisis Situation Analysis: 15/12/25 - 21/12/25, Data Friendly Space, 31 December 2025
2. Ibid

စစ်အာဏာရှင်တို့ မရပ်မနား ဆက်လက်ကျူးလွန်နေသော အကြမ်းဖက်မှုများနှင့် ဒီမိုကရေစီ အင်အားစုများကို ရည်ရွယ်တိုက်ခိုက်ခြင်းတို့ကြောင့် ထိခိုက်လွယ်သော အုပ်စုများအား အကာအကွယ်ပေးနေမှုကို ပျက်စီးစေသည်။ ထို့အပြင် လက်ရှိ ဆက်လက်ဖြစ်ပွားနေသော လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှု များကို ရပ်တန့်ရန် တောင်းဆိုချက်များကို စစ်အာဏာရှင်တို့မှ လိုက်နာရန် ငြင်းဆန်နေသည်ကိုလည်း ဖော်ပြနေသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော အကျပ်အတည်းမျိုးစုံကို ဖြေရှင်း၍ လိုအပ်သည့် ရလဒ်များ ရရှိရန် အတွက် အဓိကအတားအဆီးတစ်ရပ်မှာ ASEAN အတွင်း၌ ဒီမိုကရေစီလိုလားသူ မဟာမိတ်များ၊ ကွန်ရက်များနှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံရေးဆန္ဒနှင့် ကတိကဝတ်များ မရှိခြင်းဖြစ်သည်။

စစ်အာဏာရှင်တို့သည် ၎င်းတို့၏ တရားဝင်မှု ရရှိရေး ကြိုးပမ်းမှု ရှုံးနိမ့်နေသော်လည်း နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံရေးတွင် အလုမ်းကျယ်လာနေသည်။ ၂၀၂၂ ခုနှစ်မှစ၍ လက်ရှိနှင့် ယခင် ASEAN ခေါင်းဆောင်များသည် ပဋိပက္ခများ အဆုံးသတ်ရန် ရည်ရွယ်၍ အနာဂတ် မြန်မာနိုင်ငံတွင် ဖက်ဒရယ်နှင့် ဒီမိုကရေစီထွန်းကားရန် အမှန်တကယ် ရည်မှန်းထားသော ကိုယ်စားလှယ်များနှင့် ဆက်ဆံရေး ထူထောင်ရန်ထက် စစ်အာဏာရှင်တို့နှင့် နိုင်ငံရေးဆွေးနွေးမှုပြုလုပ်ရန်သာ ဦးစားပေးနေကြသည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံသည် အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားခြင်းကြောင့် ဒီမိုကရေစီရေး ကြိုးပမ်းသူများနှင့် အဓိပ္ပါယ်ရှိသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်သည့် အခွင့်အလမ်းများ ရှိနေပြီး ယခင် ASEAN ဥက္ကဋ္ဌများ၏ မအောင်မြင်ခဲ့သော ကြိုးပမ်းမှုများမှ သင်ခန်းစာများကိုလည်း ရယူနိုင် သည်။

ယခင်က ASEAN မှ အသုံးပြုခဲ့သည့် မဟာဗျူဟာများသည် ထိရောက်မှုမရှိသဖြင့် မြန်မာ့အရေး ဖြေရှင်းရန် နည်းလမ်းအသစ်တရပ် အရေးပေါ် လိုအပ်နေသည်။ ထို့အပြင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND–Burma) မှ ယခု ထုတ်ပြန်လိုက်သော ဤစာတမ်းတွင် အကြမ်း ဖက်စစ်အာဏာရှင်တို့နှင့် ဆက်ဆံရေးအားလုံးကို ဖြတ်တောက်ရန်နှင့် စစ်အာဏာရှင်တို့မှ ဆက်လက် ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ကို လက်နက်သဖွယ် အသုံးချနေခြင်းကြောင့် ထိခိုက်နစ်နာသူများ အားလုံးကို အကာအကွယ်နှင့် ထောက်ပံ့မှုများ ပေးရန် ASEAN အား ဆက်လက် တောင်းဆိုကြောင်း အလေးအနက် ဖော်ပြထားသည်။

ထို့အပြင် ဤစာတမ်းသည် စစ်အာဏာရှင်တို့ ကျူးလွန်သည့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ပြစ်မှုများအတွက် တာဝန်ယူစေရန် အရေးယူခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်း တရားမျှတမှု ရရှိရေးကို ASEAN မှ ဆောင်ရွက်ရန်နှင့် နိုင်ငံတကာဥပဒေအောက်တွင် တရားမျှတမှုနှင့် တာဝန် ယူ၊ တာဝန်ခံမှုကို ဦးစားပေး ဆောင်ရွက်ရန်လည်း တိုက်တွန်းထားသည်။

# မြန်မာနိုင်ငံတွင် အခြေခံလူ့အခွင့်အရေးများမှာ ငြင်းပယ်ခံနေရဆဲဖြစ်သည်

စစ်အာဏာရှင်များ အာဏာလုယူမှုကြောင့် နိုင်ငံတဝှန်း တိုက်ပွဲဖြစ်ပွားနေသော မြို့နယ်များတွင် မိသား စုများမှာ တကွဲတပြားဖြင့် ကြီးမားသည့် ဒုက္ခများကြုံတွေ့နေရသည်။ ဘုံသဘောတူချက် ၅ ချက်တွင် ပါဝင်သည့် အကြမ်းဖက်မှုများ ရပ်တန့်ရန် တောင်းဆိုချက်ကို စစ်အာဏာရှင်တို့မှ လျစ်လျူရှုရုံသာမက လုံးဝအလေးမထားဘဲ ပယ်ချခဲ့သည်။

ဆက်လက် မှတ်တမ်းတင်ရရှိသည့် အထောက်အထားများအရ စစ်အာဏာရှင်တို့၏ တိုက်ခိုက်မှုအတိုင်းအတာနှင့် ဖြစ်ပွားသည့် အကြိမ်အရေအတွက်အရ ဘုံသဘောတူညီချက် ၅ ရပ်မှာ ထိရောက်မှု မရှိသည်ကို သေချာစွာ မြင်တွေ့နိုင်ပြီး ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများကလည်း ထိုချိုးဖောက်မှုများကို မှတ်တမ်းတင်ထားသည်။ စစ်အာဏာရှင်တို့သည် လူထု၏ အကျိုးစီးပွားကို ကိုယ်စားမပြုကြောင်းနှင့် ၎င်းတို့၏ လုံခြုံရေးနှင့် အကာအကွယ်ပေးရေးအတွက်ကိုလည်း ဦးထိတ်ထားမည် မဟုတ်ကြောင်းကို ပြည်သူများမှ ရှင်းရှင်းလင်းလင်း နားလည်ထားပြီးဖြစ်သည်။

မြန်မာစစ်အာဏာရှင်တပ်သည် ပြည်သူများအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်နေကြောင်း ထင်ရှားသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သော ***"အာဏာရှင်စနစ်ကို ဆန့်ကျင် တော်လှန်ခြင်း"*** အမည်ရှိ အစီရင်ခံစာတွင် ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းများက ၂၀၂၅ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၆ ခုတွင် ဖြစ်ပွားခဲ့သော အဖြစ် အပျက် ၂၇၉ ခုအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ၄၆၂ ခုကို မှတ်တမ်းတင်ထားသည်။

၎င်းချိုးဖောက်မှုများအနက် ၂၇၁ ခုကို စစ်အာဏာရှင်တို့မှ ကျူးလွန်ခဲ့ပြီး ၅ ခုကို တိုင်းရင်းသားတော် လှန်ရေးအဖွဲ့အစည်းများ (EROs) မှ ကျူးလွန်၍ ၃ ခုမှာမူ ကျူးလွန်သည့်အဖွဲ့အစည်းကို ဖော်ထုတ်နိုင် ခြင်း မရှိသေးပါ[၃]။

ထို့အပြင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် ပထမဆုံး ဆုံးဖြတ်ချက်ဖြစ်သော ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ ကို ချမှတ်ခဲ့ပြီး အကြမ်းဖက်မှုများကို ချက်ချင်း ရပ်တန့်ရန်၊ အကြောင်းမဲ့ ဖမ်းဆီးထားသူများအားလုံးကို လွှတ်ပေးရန်နှင့် ASEAN ၏ ဘုံ သဘောတူချက် ၅ချက်ကို အကောင်အထည်ဖော်ရန် တောင်းဆိုခဲ့သည်[၄]။ သို့သော် ထို ဆုံးဖြတ်ချက် ချမှတ်ပြီး တလအကြာတွင် စစ်အာဏာရှင်တို့က လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ ရာ လူ ၂၃၁ ဦး သေဆုံးခဲ့သည်[၅]။

၂၀၂၆ ခုနှစ်အစောပိုင်းအချိန်အထိ ပဋိပက္ခကြောင့် မြန်မာနိုင်ငံအတွင်း ပြောင်းရွှေ့နေထိုင်သူများ (IDPs) အရေအတွက်သည် တိုက်ခိုက်မှုများ ဆက်လက်များပြား ပြင်းထန်လာနေခြင်းကြောင့် လူဦးရေ ၄ သန်း အထိ မြင့်တက်လာနိုင်မည်ဟု ခန့်မှန်းထားသည်[၆]။ ၎င်းလူဦးရေအနက် ၉၀ ရာခိုင်နှုန်းသည် ၂၀၂၁ ခု

3. Defying a Dictatorship, The Network for Human Rights Documentation-Burma, 17 March 2026
4. Resolution 2669 (2022) Adopted by the Security Council at its, 9231st meeting, on 21 December 2022
5. Civil Society Position Paper: Addressing ASEAN's Goal of a "Myanmar-Owned and -Led Solution", Progressive Voice, 15 December 202,4

နှစ် ဖေဖော်ဝါရီလမှစ၍ ပြောင်းရွှေ့နေထိုင်လာရသူများဖြစ်ပြီး၊ ခန့်မှန်းခြေ စုစုပေါင်း ပြောင်းရွှေ့မှု၏ တစ်ဝက်ခန့်မှာ အနောက်မြောက်ဒေသတွင် ဖြစ်သည်[၇]။ အကြမ်းဖက်မှုများ၏ ထိခိုက်သက်ရောက်မှု ကြီးမားခြင်းကြောင့် ပြည်သူလူထုသည် ထွက်ပြေးရှောင်ရှားရန်မှတပါး ရွေးချယ်စရာမရှိအောင် တွန်းအားပေးခံနေရသည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့အထိ လူဦးရေ ခန့်မှန်းအားဖြင့် ၅၂,၁၀၀ ခန့်သည် ထိုင်းနိုင်ငံ၊ ၁၂,၂၀၀ ခန့်သည် မလေးရှားနိုင်ငံနှင့် ၃,၄၀၀ ခန့်သည် အင်ဒိုနီးရှားနိုင်ငံသို့ ပြောင်းရွှေ့ခဲ့ကြသည်[၈]။

ဤအချက်အလက်များသည် မိမိတို့၏ အိမ်၊ ပိုင်ဆိုင်မှုများနှင့် အချို့အချိန်တွင် မိသားစုဝင်များကိုပါ စွန့်ခွာရရန် တွန်းအားပေးခံထားရသော လူတစ်ဦးချင်းစီကို ကိုယ်စားပြုသည်။ စစ်အာဏာသိမ်းပြီးနောက် လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူတို့၏ အခြေခံအဆောက်အအုံ ထောင်ပေါင်းများစွာ ပျက်စီးသွားခဲ့ပြီး ပြည်သူများကို ဆန့်ကျင်တိုက်ခိုက်သည့် လက်နက်ကိုင် ပဋိပက္ခ ၆၅,၀၀၀ ကျော် ဖြစ်ပွားခဲ့သည်[၉]။ ASEAN သည် ဤကိန်း ဂဏန်းများကို လျစ်လျူရှုမနေဘဲ၊ စစ်အာဏာရှင်တို့မှ တိုင်းပြည်အခြေအနေမှာ ပုံမှန်ဖြစ်နေသကဲ့သို့ ပုံဖော်ရန် ကြိုးပမ်းနေသော်လည်း မြန်မာနိုင်ငံ၏ အခြေအနေမှာ လုံးဝပုံမှန်မဟုတ်ကြောင်း နားလည် သဘောပေါက်ရမည် ဖြစ်သည်။

မကြာသေးမီကလည်း စစ်အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်သည် အတုအယောင် ရွေးကောက်ပွဲကျင်းပအပြီးတွင် ကိုယ်တိုင် သမ္မတအဖြစ်ရယူခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးရွား ပြင်းထန်နေစဉ်တွင် အပြည်ပြည်ဆိုင်ရာမှ တရားဝင်အသိအမှတ်ပြုမှုရရှိရန် ထပ်မံကြိုး ပမ်းမှုပင် ဖြစ်သည်[၁၀]။ အင်အားစု အားလုံးပါဝင်သည့် ဒီမိုကရေစီဆိုင်ရာ နိုင်ငံရေးလုပ်ငန်းစဉ် တိုးတက်ရေးကို ASEAN မှ ပံ့ပိုးရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် ဖက်ဒရယ်ယူနစ်များနှင့် အရပ်ဖက်အဖွဲ့အစည်းများက ရှေ့တန်းမှ ဆောင်ရွက်နေသည်။

ဘုရားကျောင်းများ၊ ဆေးခန်းများနှင့် ကျောင်းများကဲ့သို့ ဒေသခံနေရာများကို လေကြောင်းနှင့် မြေပြင်မှ ဆက်လက် တိုက်ခိုက်မှုများအပါအဝင် တရားလက်လွတ် အကြမ်းဖက်မှုများကြောင့် လူအများအပြားသည် အသက်ရှင်လွတ်မြောက်ရေးအတွက် အန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး မသေချာသော အနာဂတ်ကို ကြုံတွေ့နေကြသည်။

မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ (Special Advisory Council for Myanmar) ကလည်း *"မင်းအောင်လှိုင်သည် ကိုယ့်ကိုယ်ကိုယ် သမ္မတဖြစ်ရန် တခုတည်းကိုသာကြည့်၍ ထောင်ပေါင်းများစွာသော အရပ်သားများကို သတ်ဖြတ်ခဲ့ပြီး၊ နိုင်ငံကို မီးရှို့ဖျက်ဆီးကာ ဒေသတစ်ခုလုံးကိုပါ မတည်မငြိမ် ဖြစ်စေခဲ့သည်။ ယူနီဖောင်းပြောင်း၍ ဖန်တီးထားသည့် ရာထူးတာဝန်ရယူပြီး မြန်မာပြည်သူများနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို လှည့်စား၍ မရနိုင်သကဲ့သို့ ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုများကို လည်း ဖျောက်ဖျက်ပစ်၍ မရနိုင်ပါ။ နောက်ဆုံးတွင် ၎င်း၏ လုပ်ရပ်များအတွက် တာဝန်ခံမှုရှိစေရန် တရားစီရင်ရေးသို့ ပို့ဆောင်ရမည်"* ဟု သတိပေးထားသည်[၁၁] ။

6. Global Humanitarian Overview 2025, UNOCHA, 4 December 2025
7. Ibid
8. Operational Data Portal, "Myanmar Situation," UNHCR
9. Myanmar junta chief Min Aung Hlaing appointed president after 'sham' election, The Guardian, 3 April 2026
10. From Fatigues to Longyis: The Myanmar Junta's Absurd Rebrand Begins, Special Advisory Council for Myanmar, 16 March 2026
11. ASEAN does not recognise Myanmar's elections 'as of now': Philippine FM, AlJazeera, 30 January 2026

# အာဆီယံသည် မြန်မာနိုင်ငံတွင် လူထုဦးဆောင်သော ဒီမိုကရေစီ လှုပ်ရှားမှုကို ပံ့ပိုးပေးရမည်

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကာကွယ်သူများသည် တော်လှန်ရေးကို အမြဲတမ်း ဦးဆောင်လာခဲ့ကြပြီး၊ အထူးသဖြင့် အမျိုးသမီးများသည် ဒီမိုကရေစီကို ကာကွယ်ထိန်းသိမ်းရင်း တန်းတူညီမျှမှုအတွက် လိင်အခြေပြု မူဝါဒများ (Gender Policy) ကို တိုးတက်မြှင့်တင်ရန် ဆောင်ရွက်လာခဲ့ကြသည်။ ပြည်သူလူထု အနေဖြင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်ပယ်ချခြင်းကို ဆယ်စုနှစ်များတလျှောက် အဓိက ဦးဆောင်ခဲ့၍ အာဏာရှင်စနစ်ကို ဆန့်ကျင်ရာတွင် မပျက်မကွက် ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြောင်း ပြသနေသည်။ ပြည်သူများသည် ပြောင်းလဲမှုအတွက် တိုက်ပွဲဝင်နေကြပြီး အာဆီယံအနေဖြင့် စစ်အာဏာရှင်တို့နှင့် ဆက်ဆံရေး၊ ဆက်နွယ်မှုများကို ဖြတ်တောက်ရန် ထပ်ခါတလဲလဲ တောင်းဆိုနေကြသည်။

အာဆီယံသည် စစ်အာဏာရှင်တို့နှင့် ဆက်လက်ဆွေးနွေးနေခြင်းက မိမိတို့၏ လုံခြုံရေးကို ထိပါးမည့် အန္တရာယ်ရှိသည့်တိုင်အောင် အာဏာရှင်စနစ်ကို အဆုံးသတ်ရန် အကျယ်လောင်ဆုံး တောင်းဆိုနေကြ သော ပြည်သူလူထု၏ အသံကို လျစ်လျူရှုနေခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်မှစ၍ အာဆီယံသည် စစ်အာ ဏာရှင်တို့၏ ကိုယ်စားလှယ်များကို အဓိက ထိပ်သီးအစည်းအဝေးများမှ ဖယ်ရှားထားခဲ့သော်လည်း မြေပြင်တွင် ဖြစ်ပေါ်နေသော အရေးကြီးပြဿနာများကို ဖြေရှင်းရန်အစား အလုပ်မဖြစ်သည့် ဘုံသ ဘောတူချက် ၅ ချက်ကို ဆက်လက်ကိုင်စွဲ၍ အာရုံထွေပြားစေရန် ပြုလုပ်နေဆဲဖြစ်သည်။

အတုအယောင်ရွေးကောက်ပွဲသည် အာဆီယံအတွက် နောက်ဆုံးစမ်းသပ်မှုတစ်ခုဖြစ်သည်။ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုကြောင်း ပြောဆိုခဲ့သော်လည်း အာဆီယံသည် ဆက်လက်၍ အစုအဖွဲ့ အသီးသီး အားလုံးပါဝင်သော ဆွေးနွေးမှုကိုသာ အလေးထားပြောဆိုနေဆဲဖြစ်သည်[၁၂]။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် စစ်အာဏာရှင်တို့၏ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီး "ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံကို အာဆီယံသို့ ပြန်လည် ချိတ်ဆက်ပေးသော တံတားတစင်း ဖြစ်လိုသည်"[၁၃] ဟု စိုးရိမ်ဖွယ် မှတ်ချက်ကို ပြောကြားခဲ့သည်။ ထို့အပြင် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ၏ ကာကွယ်ရေးဦးစီးချုပ်တို့အကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရန် ဆွေးနွေးခဲ့ခြင်းသည် စစ်အာဏာရှင်တို့ လုယူထားသော အာဏာကို အသိအမှတ်ပြုသကဲ့သို့ ဖြစ်စေနိုင်သည့် နောက်ထပ် စိုးရိမ်ဖွယ် တခုဖြစ်သည်[၁၄]။

13. Thailand hopes to be 'bridge' for Myanmar and ASEAN, foreign minister says, Reuters, 18 February 2026
14. Min Aung Hlaing meets Thai defense chief to discuss military cooperation, border security, The Irrawaddy, 19 March 2026

ND–Burma အဖွဲ့ဝင်ဖြစ်သည့် မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း (HURFOM) က *"မြန်မာ စစ်တပ် ကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) သို့ လျင်မြန်စွာ တင်ပြတရားစွဲဆိုရမည်။ စစ် အာဏာ ရှင်တို့သည် တရားဝင်မှုရရှိရန် အကြောင်းပြချက်မရှိသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် ၎င်းတို့၏ လုပ်ရပ်များကို ပြင်းထန်စွာ ရှုံ့ချပြောဆို၍ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားရန် ကြိုးပမ်းရမည်။ ထို့အပြင် အာဆီယံ အနေဖြင့်လည်း စစ်တပ်အပေါ် ပြင်းထန်သော ရပ်တည်ချက်တစ်ရပ်ကို ချမှတ်ကာ ၎င်းတို့ကို တာဝန်ခံမှု ရှိစေရန် ဆောင်ရွက်သင့်သည်"*[၁၅] ဟု ပြောကြားထားသည်။

စစ်အာဏာရှင်တို့ကို အာဆီယံတွင် ပြန်လည်ဝင်ဆံ့စေရန် တွန်းအားပေးနေမှုသည် စိုးရိမ်ဖွယ် ကောင်း ပြီး အထူးသဖြင့် စစ်အာဏာရှင်တို့က အာဆီယံသို့ ပြန်လည်ဝင်ရောက်ခြင်းဖြင့် ၎င်းတို့ တရားဝင် မှုကို မြှင့်တင်ရန် အရေးပါသော အခွင့်အလမ်းတစ်ရပ်အဖြစ် မြင်နိုင်ခြင်းကြောင့် လူ့အခွင့်အရေးအခြေ အ နေတစ်ခုလုံးအပေါ် ဆိုးရွားသော အန္တရာယ်များ ဖြစ်ပေါ်စေနိုင်သည်။ အမှန်တကယ်အားဖြင့် ၎င်းတို့ အ နေဖြင့် ထိုကဲ့သို့သော တရားဝင်မှုကို မရရှိထိုက်သကဲ့သို့ ထိုက်တန်မှုလည်း မရှိပါ။

ပိုမို တိုက်ရိုက်ထိတွေ့ရန် အကြံပြုချက်များသည် ဘုံသဘောတူချက် ၅ ချက်ပါ အကြမ်းဖက်မှု များ ရပ်တန့်ရန် တောင်းဆိုချက်နှင့် ဆန့်ကျင်နေသည်။ မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ (SAC–M) ကလည်း *"စစ်အစိုးရ၏ ဟန်ဆောင်လုပ်ရပ်များနောက် လိုက်ပါသွားမည်ဆိုပါက အာဆီ ယံ၏ 'လူထု ကို ဗဟိုပြုသော' မူဝါဒသည် ပြန်လည် အဖတ်ဆည်၍ မရနိုင်သော ထိခိုက်ပျက်စီးမှုနှင့်သာ ကြုံတွေ့ရ မည်"*[၁၆] ဟု ဖော်ပြထားသည်။

စစ်အာဏာရှင်တို့သည် လက်နက်မဲ့ ပြည်သူများအပေါ် တိုက်ခိုက်မှုများ လျှော့ချမည့် လက္ခဏာ မပြ သေးဘဲ၊ ပြည်တွင်းစစ်ဘေးရှောင် စခန်းများကို လေကြောင်း၊ ဒရုန်းတို့ဖြင့် အကြိမ်ကြိမ် ပစ်ခတ် တိုက်ခိုက်နေသည်။

ထိုင်းနိုင်ငံ၏ "တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး" နှင့် "နိုင်ငံတော်လုံခြုံရေး" ဆိုင်ရာ ဆန္ဒများသည် မြန် မာစစ်တပ်အပေါ် မူတည်မနေသင့်ပါ၊ အကြောင်းမှာ ၎င်းတို့သည် တိုက်ခိုက်မှုများ ရပ်တန့်ရန် အမှန် တကယ် စိတ်ဆန္ဒမရှိ၍ ဖြစ်သည်[၁၇]။

ထို့အပြင် စစ်အာဏာရှင်တို့သည် လျှပ်စစ်ကုန်ကျစရိတ် လျှော့ချရန်အတွက် အတင်းအကြပ် အလှည့် ကျ လျှပ်စစ်မီးဖြတ်တောက်မှုများကို နွေရာသီကာလတွင်ပင် ဆက်လက် လုပ်ဆောင်နေချိန်တွင် တရုတ်နှင့် ရုရှားအပါအဝင် အခြားနိုင်ငံများမှ အဆင့်မြင့် လက်နက်များကို ဆက်လက် ဝယ်ယူနေသည်[၁၈]။

15. The Human Rights Foundation of Monland Commemorates Three Decades of Justice and Rights Work by Calling for Accountability for the Military Junta, The Human Rights Foundation of Monland, 10 December 2025
16. From Fatigues to Longyis: The Myanmar Junta's Absurd Rebrand Begins, Special Advisory Council for Myanmar, 16 March 2026
17. Thailand pushes for Myanmar junta's return to ASEAN, Anadolu Agency, 18 February 2026
18. Rolling blackouts announced for duration of hot season, The Irrawaddy, 18 March 2026

# အာဆီယံအနေဖြင့် တရားမျှတမှုလမ်းကြောင်းပေါ် လျှောက်လှမ်း၍ စစ်အာဏာရှင်တို့အား ၎င်းတို့၏ ကျူးလွန်မှုများအတွက် တာဝန်ယူ တာဝန်ခံလာစေရန် လုပ်ဆောင်ရမည်

မြန်မာနိုင်ငံအတွင်းရှိ တာဝန်ခံမှုဆိုင်ရာ ယန္တရားများသည် လုံးဝယုံကြည်လက်ခံနိုင်စရာ မရှိ၍ စစ်အာ ဏာရှင်တို့ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသည့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ပြစ်မှုများ အတွက် တာဝန်ခံမှုရှိစေရန် မြှင့်တင်နိုင်သော လမ်းကြောင်းများ အာဆီယံတွင် ရှိနေသည်။ ND–Burma အဖွဲ့ဝင်ဖြစ်သည့် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) သည် Myanmar Accountability Project (MAP), တီမောနိုင်ငံအခြေစိုက် ဥပဒေအဖွဲ့ Da Silva Teixeira & Associados Lda. တို့နှင့် ပူးတွဲ၍ အာဏာသိမ်း ပြီးနောက် ချင်းပြည်နယ်အတွင်း ကျူးလွန်ခဲ့သော ပြစ်မှုများအပေါ် ***"နိုင်ငံတကာ တရားစီရင်ပိုင်ခွင့်"*** (Universal Jurisdiction) အသုံးပြုကာ တီမောတရားရုံးသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အမှု တင်သွင်းခဲ့သည်[၁၉]။

နိုင်ငံတကာ တရားစီရင်ပိုင်ခွင့် (UJ) အရ မိမိနိုင်ငံ ပြင်ပတွင် ဖြစ်ပွားခဲ့သော ကြီးလေးသည့် နိုင်ငံတကာ ရာဇဝတ်မှုများကို လက်ခံတရားစီရင်ရန် ခွင့်ပြုသည့် တီမောနိုင်ငံ (Timor–Leste) တွင် ဥပဒေ ကြောင်းအရ ဆောင်ရွက်ရန် CHRO မှ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး တရားစွဲမှုကို တီမောတရားရုံးက လက်ခံခဲ့ သည်[၂၀]။

ထို့နောက် စစ်အာဏာရှင်တို့က တရားစွဲဆိုမှုအတွင်း ပါဝင်သော စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး၊ မကြာ သေးမီက အာဆီယံအဖွဲ့ဝင်ဖြစ်လာသော တီမောနိုင်ငံသည် အာဆီယံ သဘောတူစာချုပ်ကို ချိုး ဖောက် နေကြောင်း စွပ်စွဲခဲ့သည်။ ထို့နောက် စစ်အာဏာရှင်တို့က ရန်ကုန်ရှိ တီမောသံရုံးမှ သံတမန်များ ကို နှင်ထုတ်ခဲ့သည်[၂၁]။

ဒီလီ (Dili) အစိုးရသည် စစ်အာဏာရှင်တို့၏ ဆုံးဖြတ်ချက်ကို ပြစ်တင်ရှုတ်ချခဲ့သလို၊ "ဒီမိုကရေ စီစနစ် ပြန်လည်ထူထောင်ရေး" ကို တောင်းဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး လှုပ်ရှားမှုများ အပေါ် ထောက်ခံမှုနှင့် အတူတကွ ရပ်တည်မှုကို ထပ်မံ ပြသခဲ့သည်[၂၂]။

သို့သော်လည်း အာဆီယံကိုယ်၌ အနေဖြင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များမှ ကင်းကွာနေပြီး ကမ္ဘော ဒီး ယားနှင့် ဘရူနိုင်းတို့ကဲ့သို့သော နိုင်ငံများသည် နေပြည်တော်ရှိ စစ်ခေါင်းဆောင်များနှင့် နီးကပ်သော ဆက်ဆံရေးများကြောင့် စစ်အာဏာရှင်တို့ကို လက်ခံနေသည့် လက္ခဏာများ ပိုမို ပြသနေသည်။

19. Chin human rights group's lawsuit against junta accepted by Timor-Leste court, Burma News International, 26 January 2026
20. Ibid
21. Expulsion of East Timor Diplomats divides ASEAN over Myanmar, PIME Asia News, 19 February 2026
22. Ibid

အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်တို့သည် ပိုမိုအပြုသဘောဆောင်သော ပုံစံဖြင့် ရပ်တည်ခဲ့ပြီး၊ ဖိလစ်ပိုင်က ဘုံသဘောတူချက် ၅ ချက် ကို အစားထိုးရန် အကြံပြုခဲ့သည်။ ထိုအပြင် မလေးရှားနှင့် စင်္ကာပူတို့က စစ်အာဏာရှင်တို့လက်အောက်ရှိ မြန်မာနိုင်ငံသည် ဒီမိုကရေစီ စံနှုန်းများကို လိုက်နာနိုင်မည်မဟုတ်ကြောင်း သံသယရှိသည်ဟု ဖော်ပြကြသည်။

တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ အရေးကိစ္စများနှင့် ပတ်သက်၍ အဖွဲ့အတွင်း တကွဲတပြား မဖြစ် သင့်ပါ။ စစ်အာဏာရှင်တို့အား တာဝန်ခံမှုရှိစေရန်အတွက် တစုတစည်းတည်းသော ရပ်တည်ချက်သည် အရေးကြီးသည်။ အာဆီယံ ပဋိညာဉ်တွင် ဖော်ပြထားသည့် တနိုင်ငံ၏ အတွင်းရေးကို ဝင်ရောက်မစွက်ရေးမူဝါဒရှိနေသော်လည်း လူသားတန်ဖိုးများဘက်တွင် ရပ်တည်ရန်အတွက် ထုံးတမ်းစဉ်လာများကို စိန်ခေါ်ရန်မှာ ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံရေးစိတ်ဆန္ဒကို စမ်းသပ်ခြင်းလည်းဖြစ်သည်။

လေ့လာသူများက မှတ်ချက်ပြုထားသည့်အတိုင်း “စစ်အာဏာရှင်တို့၏ မလိုက်နာမှုကို စည်းကမ်းသတ် မှတ်ချက် မပြောင်းဘဲ ဆက်လက် ထိတွေ့ဆက်ဆံ၍ ဆုလာဘ်ချီးမြှင့်နေခြင်းသည် အကြမ်းဖက်မှုများ ကို ပိုမိုအားပေးစေနိုင်သည်”[၂၃]။

ထို့အပြင် မကြာသေးမီကလည်း အင်ဒိုနီးရှားနိုင်ငံရှိ တရားရုံးတခုက ရိုဟင်ဂျာ အသက်ရှင် ကျန်ရစ်သူ များနှင့် Myanmar Accountability Project တို့မှ တင်သွင်းထားသော အမှုကို နိုင်ငံတကာ တရားစီရင်ပိုင်ခွင့် (Universal Jurisdiction) အခြေခံမှုအရ လက်ခံခဲ့သည်။ နိုင်ငံတကာ တရားစီရင်ပိုင်ခွင့် အခြေခံမှုအရ အပြည်ပြည်ဆိုင်ရာ ဥပဒေအောက်ရှိ ပြင်းထန်သော နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်သည့် တာဝန်ရှိသူ လူပုဂ္ဂိုလ်များကို တရားစွဲဆိုနိုင်ရန် တရားရုံးများကို အခွင့်အာဏာပေးထားသည်။

အာဆီယံ နိုင်ငံများအတွင်း ထိုသို့ တိုးတက်ဖြစ်ထွန်းမှုသည် မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ပြစ်မှု များအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန် အရေးကြီးသော ခြေလှမ်းတရပ် ဖြစ်လာသည်။ ထို့အပြင် အခြားအာဆီယံနိုင်ငံများအတွက်လည်း အလားတူ ဥပဒေရေးရာ လုပ်ဆောင်မှုများကို စဉ်းစားရန်နမူနာနှင့် လှုံ့ဆော်မှုအဖြစ် သက်ရောက်စေပြီး၊ ကာလကြာရှည် ကျင့်သုံးနေသည့် နိုင်ငံများ၏ အတွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဝါဒရှိနေသော်လည်း ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြေရှင်းရာတွင် ဒေသတွင်း အဖွဲ့အစည်း၏ အခန်းကဏ္ဍ ကြီးထွားလာမှုကို ပြသနေသည်။

23. Opinion: The cost of Asean getting it wrong in Myanmar, The Edge Malaysia, 14 April 2026

မြန်မာနိုင်ငံရှိ မြေပြင်အခြေအနေတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေး အခြေအနေသည် အထူး ဂရုပြု ရန် လိုအပ်နေသည်။ အာဆီယံအနေဖြင့် ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှု များပြားလာ ခြင်းကို လျစ်လျူရှုမနေသင့်ပါ။ ထိုကဲ့သို့သော တရားမျှတမှု ကင်းမဲ့မှုများကြားတွင် ကိုယ်ကျင့်တရား အရ ရပ်တည်ချက်တရပ်ကို မဖြစ်မနေ ချမှတ်ရန် လိုအပ်ပါသည်။

စစ်ပွဲများ ပိုမိုဖြစ်ပွားလာခြင်းကြောင့် စစ်ပွဲများသည် နေ့စဉ်ဘဝအတွင်း ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ သဘော ထားလာကြသည်။ စစ်ကြောင့် နေ့စဉ်လူသန်းပေါင်းများစွာ ဒုက္ခရောက်နေကြပြီး၊ အပြည်ပြည် ဆိုင်ရာ အသိုင်းအဝိုင်းကလည်း ကမ္ဘာတစ်ဝှမ်းရှိ အခြားအရေးအခင်းများကိုသာ အာရုံစိုက်နေသည်။ စစ်တပ် အုပ်စိုးမှုကို အလိုမရှိကြောင်း ရဲစွမ်းသတ္တိရှိရှိ ဆန္ဒထုတ်ဖော်မှုများနောက်ပိုင်း လူ့အခွင့်အရေး လှုပ်ရှားမှုသည် အရှိန်အဟုန် လျော့နည်းကျဆင်းမသွားစေရန် လိုအပ်သည်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ခံလေ့ များ (impunity) သည် တာဝန်ယူ တာဝန်ခံမှုအပေါ် လွှမ်းမိုးမှု မရှိစေရပါ။

တာဝန်ခံမှုကို ရရှိရန် ပိုမိုအားကောင်းသည့် ပူးပေါင်းညှိနှိုင်း ချိတ်ဆက်ဆောင်ရွက်၍ ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ၊ လေယာဉ်ဆီတင်သွင်းမှု ပိတ်ပင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းဝယ် မှု ပိတ်ပင်ခြင်း အပါအဝင် ဖိအားများပေးရန်လိုအပ်သည်။ မြန်မာပြည်သူများသည် ထူးခြားသော သတ္တိ နှင့် ခံနိုင်စွမ်းကို ပြသခဲ့ပြီးဖြစ်သည်။ ယခုအချိန်တွင် ပြည်သူများလိုအပ်နေသည်မှာ ၎င်းတို့ဘက်တွင် ရပ်တည်သည့် နိုင်ငံတကာ အရေးယူဆောင်ရွက်မှု အခြေခံမှုများဖြစ်ပြီး ပြည်သူတို့အား ဖိနှိပ်နေသူများ ဘက်တွင် ရပ်တည်ရန် မဟုတ်ပါ။

အာဆီယံသည် တည်ငြိမ်အေးချမ်းမှုနှင့် ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်ပူပန်ကြောင်း ပြောနေ သော်လည်း၊ ပြည်သူများကို လေကြောင်းတိုက်ခိုက်ပြီး ၎င်းတို့အပေါ် ဝေဖန်သူများကို ဖမ်းဆီးအကျဉ်း ချ နေသော စစ်အာဏာရှင် လက်အောက်တွင် ထိုတည်ငြိမ်မှုကို မရရှိနိုင်ပါ။ စစ်မှန်သည့် တည်ငြိမ်မှုကို ရရှိ နိုင်ရန်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေး လှုပ်ရှားမှုကို ထောက်ခံပံ့ပိုးခြင်း၊ ၎င်းတို့၏ လိုအပ်ချက်များကို နားထောင်ခြင်းနှင့် ပြည်သူများကို ကာကွယ်ပေးပြီး အဓိပ္ပါယ်ရှိသော နိုင်ငံရေးပါဝင်ခွင့်ကို ခွင့်ပြုပေးသည့် အခြေအနေများ ပြဋ္ဌာန်းပေးမှသာ ဖြစ်နိုင်သည်။

နောက်အဆင့်များအတွက် ဆောင်ရွက်ရန် အဆင့်များမှာ ပြတ်သားပြီး ရည်ရွယ်ချက်ရှိရှိ ချမှတ် ထားပြီးဖြစ်သည်။ အာဆီယံသည် ပြည်သူလူထုအပေါ် စနစ်တကျ ပြင်ဆင်တိုက်ခိုက်မှုများအတွက် တာဝန် ရှိသူများအပေါ် ပိုမိုဖိအားပေးနိုင်ရန် ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်။ တပြိုင်နက်တည်းတွင် ထိခိုက်လွယ်သည့်လူထုအား ထောက်ပံ့ပေးနေသည့်

နယ်စပ်ဖြတ်ကျော်အကူအညီပေးရေး ကွန်ယက်များမှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများ လက်လှမ်းမီ ရရှိနိုင်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့အပြင် စစ်အာဏာရှင်တို့၏ အကြမ်းဖက်မှုကို ပယ်ချကြောင်း ဆန့်ကျင်ရှုံ့ချ၍ လေယာဉ်ဆီ တင်ပို့ရောင်းချမှု ပိတ်ပင်အရေးယူခြင်းနှင့် လက်နက်ပို့ဆောင်မှုများ ရပ်တန့်ရန် တောင်းဆိုမှုများ ပြုလုပ်ရမည်ဖြစ်သည်။

ပြည်သူများကို ကာကွယ်ရန်၊ ဖမ်းဆီးထိန်းသိမ်းခံထားရသူများကို လွှတ်ပေးရန်၊ အကူအညီများကို ကန့်သတ်ချက်မရှိဘဲ နေရာအားလုံးသို့ စီးဆင်းစေရန်နှင့် ဒီမိုကရေစီရရှိရေးအတွက် အဓိပ္ပါယ်ရှိသည့် ထိတွေ့ဆက်ဆံ ဆွေးနွေးမှုများ မြှင့်တင်ရန် ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ရမည်ဖြစ်သည်။ စစ်အာဏာရှင်တို့ကမူ ထိုလမ်းကြောင်းကို  စိတ်ဝင်စားမှု ရှိမည်မဟုတ်ပေ။

ထိုလုပ်ဆောင်ချက်များကို ထုတ်ပြန်ကြေငြာချက်များအတွင်း မည်ကာမတ္တ အသိအမှတ်ပြု ဖော်ပြခြင်းထက် အရပ်ဖက်အဖွဲ့အစည်းများ၊ ကြားကာလ အစိုးရခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်၍ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

မြန်မာနိုင်ငံအခြေအနေကို အရေးပေါ်နှင့် ခိုင်မာပြတ်သားသော ဦးဆောင်မှုဖြင့် ရှေ့ဆက် ကိုင်တွယ်ဖြေ ရှင်းရေးအတွက် ASEAN တွင် ခိုင်မာသည့် ဦးဆောင်မှုရှိရန် အရေးကြီးသည်။

## အာဆီယံသို့

၁။ မြန်မာပြည်ရှိ ပြည်သူလူထုအား တိုက်ခိုက်မှုများ ရပ်တန့်ရန် စိတ်ဝင်စားမှု မရှိသော စစ်အာဏာရှင် အဖွဲ့အစည်းနှင့် ဆက်နွယ်မှုများအားလုံးကို ထိရောက်စွာနှင့် ချက်ချင်း အဆုံးသတ်ရမည်ဖြစ်သည်။ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များ အပါအဝင် စစ်အာဏာရှင်တို့၏ တိုက်ခိုက် မှုများကြောင့် ထိခိုက်နစ်နာခဲ့ရသူများနှင့် အသက်ရှင် ကျန်ရစ်သူများအတွက် တရားမျှတမှုရရှိစေမည့် လမ်းကြောင်းများ ရှာဖွေရန် ဦးတည်ရမည်ဖြစ်သည်။

၂။ အာဆီယံ သို့မဟုတ် ဒေသဆိုင်ရာ ကိစ္စများနှင့် ဆိုင်သော အစည်းအဝေးများသို့ စစ်အာဏာရှင်များကို မဖိတ်ကြားရန် လိုအပ်သည်။ ထိုသို့တက်ရောက်ပါက ပြည်သူများက အသိအမှတ်ပြု ရွေးချယ်ထားမှု မရှိသောသူများအား နိုင်ငံခေါင်းဆောင်များအဖြစ် တရားဝင်ဖြစ်စေမည့် အန္တရာယ်ရှိသောကြောင့် ဖြစ်သည်။

၃။ အတုအယောင် ရွေးကောက်ပွဲအပြီး စစ်အာဏာရှင်တို့အား တရားဝင်ဖြစ်စေမှုကို ငြင်းပယ်၍ မြန် မာနိုင်ငံရှိ အရပ်ဖက်အဖွဲ့အစည်းများ၊ ဒီမိုကရေစီနည်းလမ်းဖြင့် ရွေးကောက်ခံထားသော ကိုယ်စား လှယ်များနှင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် တရားမျှတမှု ရရှိရေးအတွက် အဓိပ္ပါယ်ရှိသော ခြေလှမ်းများဖြင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

၄။ စစ်အာဏာရှင်တို့မှ လုံးဝလိုက်နာခြင်းမရှိသော အားနည်းချက်များ၊ ပြဿနာများစွာရှိနေသည့် ဘုံသဘောတူချက် ၅ ချက် (5–Point Consensus) ကို အရပ်ဖက်အဖွဲ့အစည်းများမှ တင်ပြထားသော အကြံပြုချက်၊ လမ်းညွှန်ချက်များနှင့် ကိုက်ညီစေရန် အရေးပေါ် ပြုပြင်ပြောင်းလဲ ရေးဆွဲရမည်ဖြစ်သည်။

၅။ စစ်အာဏာရှင်တို့၏ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းခြင်းမှ လူငယ်များကို အကာအကွယ်ပေးနိုင်မည့် ယန္တရားများကို အရေးတကြီး အကောင်အထည်ဖော်ပြီး၊ အိမ်နီးချင်းနိုင်ငံများတွင် လုံလောက်သော ကာကွယ်စောင့်ရှောက်မှု အစီအမံများဖြင့် ခိုလှုံခွင့်ရရှိနိုင်ရန် ထောက်ပံ့ကူညီရမည်ဖြစ်သည်။

၆။ လုံခြုံရေးအတွက် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခိုလှုံလာသည့် ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များအတွက် အကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများ သတ်မှတ်ပြဋ္ဌာန်းရမည်ဖြစ်သည်။ ၎င်းတို့အား မြန်မာနိုင်ငံသို့ အတင်းအကြပ် ပြန်လည်ပို့ဆောင်ပါက စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်း ချုပ်နှောင် ခံရနိုင်သည့် အန္တရာယ်ရှိနေသည်။

၇။ ပြည်တွင်း စစ်ဘေးရှောင်ပြည်သူများအား လူသားချင်းစာနာမှု အကူအညီများကို နယ်စပ်ဖြတ် ကျော် လမ်းကြောင်းများမှတဆင့် ပေးအပ်ရမည်ဖြစ်ပြီး၊ ဒေသခံ အရပ်ဖက်အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government) နှင့် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ (Karenni Interim Executive Council) အပါအဝင် ဖက်ဒရယ်ယူနစ်များ၊ လူသားချင်းစာနာမှု လုပ်ငန်းများဆောင်ရွက်နေသည့် တော်လှန်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

လူ့အခွင့်အရေး မှတ်တမ်းကွန်ရက် မြန်မာနိုင်ငံ (ND-Burma) သည် အဖွဲ့ပေါင်း ၁၃ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားလူမျိုးစုများ၊ အမျိုးသမီးများနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများ ကိုယ်စားပြုပါဝင်ကြပါသည်။ ၂၀၀၄ ခုနှစ်မှစတင်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် ချိုးဖောက်ခံရ သူများ၏ တရားမျှတမှုနှင့် ချိုးဖောက်သူများ တာဝန်ယူ တာဝန်ခံမှုရှိစေရန် မှတ်တမ်းတင်လျှက်ရှိသည်။ ကွန်ရက်တွင် အမြဲတမ်းအဖွဲ့ဝင် (၉) ဖွဲ့နှင့် ဆက်စပ်အဖွဲ့ဝင် (၄) ဖွဲ့ တို့ဖြင့် ဖွဲ့စည်းထားသည်။






# လူ့အခွင့်အရေးအခြေပြု ပြုပြင်ပြောင်းလဲမှု

## ASEAN ၏ ဘုံသဘောတူညီချက် ၅ ချက်ကို ငါးနှစ်အကြာတွင် ပြန်လည်သုံးသပ်ခြင်း

ဓါတ်ပုံ - *The Human Rights Foundation of Monland*
*ASEAN*